# Highlights from DVB Debate's Burma and ASEAN Show

## June 9, 2016

## "Is Burma setting ASEAN's new standard?"

"အလယ်တန်း ကျောင်းတက်နှုန်းကလည်း အာဆီယံမှာ မြန်မာက အနည်းဆုံးဖြစ်နေတယ်။ သက်မွေးပညာတွေလည်း အားပေးဖို့လိုအပ်တယ်။ စီးပွားရေးတိုးတက်နှုန်းက အာဆီယံမှာ ထိပ်ဆုံးရောက်နေတယ်. ဒါပေမယ့်လည်း ဒါဂုဏ်ယူစရာ မဟုတ်ဘူး. ဖွံ့ဖြိုးမှုနောက်ဆုံးကျန်ခဲ့တဲ့ နိုင်ငံတွေက တိုးတက်မြန်တယ် ဘာလို့လည်းဆိုတော့ သဘာဝအရင်းအမြစ်တွေ ရောင်းပြီးရတဲ့ စီးပွားရေးတိုးတက်နှုန်း"

ဒေါက်တာရင်ရင်နွယ် - လူမှုရေး-စီးပွားရေးစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ပညာရှင်၊ ပြည်သူ့ရေးရာပေါ်လစီပညာရှင်

---

"အာဆီယံက အခု Free Trade လုပ်တော့မယ် မြန်မာဟာ ဘာပစ္စည်းမှ မထုတ်လုပ်နိုင်သေးဘူး။ အာဆီယံကို ကျော်ဖို့မပြောနဲ့ အမှီလိုက်ဖို့တောင် လိုသေးတယ်။ နောက် ဆင်းရဲချမ်းသာကွာဟမှုကလည်း အာဆီယံမှာသာမက ကမ္ဘာမှာပါ အမြင့်ဆုံးဖြစ်နေတယ်"

ဒေါက်တာမင်းညို - နိုင်ငံတကာဆက်ဆံရေး ပညာရှင်

---

"မြန်မာက အာဆီယံကို လွယ်လွယ် ဖောက်ထွက်ဖို့ဆိုရင် နိုင်ငံခြားရေးမူဝါဒ အရမ်းအရေးကြီးတယ်။ ဒီအစိုးရဟာ အရင်အစိုးရအဆက်ဆက်က အာဆီယံကို တင်ခဲ့တဲ့ အကြွေးကို ဆပ်ရမယ် တနည်းအားဖြင့် ကိုယ့်တိုင်းပြည် ဂုဏ်သိက္ခာ ကိုယ်ပြန်ဆယ်ရမယ်။ အရင် အစိုးရတွေ အဆက်ဆက် အာဆီယံကို ဝင်တယ်ဆိုတာက ပြည်တွင်းရေးဝင်မစွက်ဖက်ရေးဆိုတဲ့ အကာအကွယ်ယူချင်လို့"

ဦးကျော်စွာမိုး - ဧရာဝတီမဂ္ဂဇင်း(အင်္ဂလိပ်ဘားရှင်း) အယ်ဒီတာ

---

"တရုတ်က စီးပွားရေးဖွံ့ဖြိုးမှုအားကြီးတာ မှန်တယ် ဒါပေမယ့် နိုင်ငံရေးအရ သူ့မူဝါဒကို ဘယ်သူ သဘောကျလဲ ဘယ်သူက ဦးဆောင်ပါပြောလဲ မပြောဘူး။ မြန်မာလဲ မြန်မာ့နိုင်ငံရေးကို ဒေသတွင်းမှာ ဂုဏ်သိက္ခာတက်ရင် ပြည်တွင်းနိုင်ငံရေး ဖြေရှင်းရာမှာလည်း အထောက်အကူဖြစ်မယ်"

ဦးကျော်စွာမိုး - ဧရာဝတီမဂ္ဂဇင်း(အင်္ဂလိပ်ဘားရှင်း) အယ်ဒီတာ

"တရုတ် စံ လုံးလုံး မယူကြတာတော့ မဟုတ်ဘူးနော် ကိုကျော်စွာမိုး. တရုတ်ကိုစံပြယူတဲ့ နိုင်ငံတွေလည်း ရှိတယ် ရုရှား၊ အာဖရိကမှာ ယူဂန္ဓာ စသည်ဖြင့်လေ တရုတ် မူဝါဒကို သဘောမကျတဲ့ဘူးရယ်လို့ အားလုံးခြုံပြောလို့မရဘူး"

ဒေါက်တာရင်ရင်နွယ် - လူမှုရေး-စီးပွားရေးစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ပညာရှင်၊ ပြည်သူ့ရေးရာပေါ်လစီပညာရှင်

---

"ဒီမိုကရေစီမွေးဖွားခါစ နိုင်ငံမှာ ကျမတို့နိုင်ငံအနေနဲ့ကတော့ ပြည်တွင်းရေးကို ဦးစားပေးဖို့ အရေးကြီးတယ်မြင်ပါတယ်. နိုင်ငံတွင်း ဦးဆောင်မှုခိုင်မာဖို့ အရေးကြီးတယ်"

ဒေါ်ထုမေ - အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး

"ကျနော်တို့ တပြိုင်တည်းလုပ်လို့ရတာတွေရှိတယ် ရောက်နေတဲ့နေရာကနေ ရတဲ့ တက်နဲ့လှော်ဖို့လိုတယ်. မွေးဖွားခါစဖြစ်နေသေးလို့ ဖြေးဖြေးချင်း သွားလို့မရတော့ဘူး ကျနော်တို့ နိုင်ငံက အရမ်းနောက်ကျနေပြီ။ ပြည်တွင်းကိစ္စတွေ လုပ်ရင်းနဲ့ ဒေသတွင်းမှာလည်း ဦးဆောင်သွားလို့ရတယ်"

ဦးကျော်စွာမိုး - ရောဝတီမဂ္ဂဇင်း(အင်္ဂလိပ်ဗားရှင်း) အယ်ဒီတာ

---